# Eighth Sunday in Ordinary Times - Year A

## အဌမသာမန်တနင်္ဂနွေနေ့။

**ပဌမကျမ်း။**

**"ငါသည်သင့်အားမေ့လျော့မည်မဟုတ်။"**

*အိဇာအီယအနာဂတ္တိကျမ်း-၄၉၊ ၁၄မှ၁၅ အထိ။*

သခင်ဘုရားသည်ကျွန်ုပ်ကိုစွန့်ပစ်တော်မူ၍ ကျွန်ုပ်အားမေ့လျော့တော်မူပြီဟု ဇီအုံကဆို၏။ မိန်းမသည် မိမိ၏ရင်သွေး၊ မိမိသားကိုမသနားဘဲမေ့လျော့နိုင်မည်လော။ သူသည်မေ့လျော့နိုင်သည်ထားဦးတော့။ ငါမူကားသင့်ကို မေ့လျော့နိုင်မည်မဟုတ်ဟု သခင်ဘုရားမိန့်တော်မူ၏။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*

**ဆာလံသီချင်းချီးကျူးခြင်း။**

ဆာလံ– ၆၂၊

*သံပြိုင်- အိုငါ့ဝိညာဉ်ဘုရားသခင်၌သာလျှင်ငြိမ်ဝပ်စွာနေလော့။*

- အိုငါ့ဝိညာဉ်ဘုရားသခင်၌သာလျှင်ငြိမ်ဝပ်စွာနေလော့။ အကြောင်းမူကားငါ၏ကယ်တင်ခြင်းသည် သခင်ဘုရားထံမှဖြစ်သတည်း။ အကယ်စင်စစ်ကိုယ်တော်သည် ကျွန်ုပ်၏ခိုလှုံရာဖြစ်တော်မူ၍ ကျွန်ုပ်၏ ကယ်တင်ခြင်းနှင့် ကျွန်ုပ်၏ခံတပ်ဖြစ်တော်မူ၏။ ကျွန်ုပ်သည်လည်း ရွေ့လျားတော့မည်မဟုတ်။ (သံပြိုင်)
- အိုငါ့ဝိညာဉ်ဘုရားသခင်၌သာလျှင်ငြိမ်ဝပ်စွာနေလော့။ အကြောင်းမူကားငါ၏မျှော်လင့်ခြင်းသည် ကိုယ်တော့်အထံတော်မှဖြစ်သတည်း။ အကယ်စင်စစ်ကိုယ်တော်သည် ကျွန်ုပ်၏ဘုရားဖြစ်တော်မူ၍ ကျွန်ုပ်၏ကယ်တင်ခြင်းနှင့် ကျွန်ုပ်၏ခံတပ်ဖြစ်တော်မူ၏။ ကျွန်ုပ်သည်ရွေ့လျားမည်မဟုတ်။ (သံပြိုင်)
- ကျွန်ုပ်၏ကယ်တင်ခြင်းနှင့် ကျွန်ုပ်၏ဘုန်းဂုဏ်သည်ဘုရားသခင်၌သာတည်၏။ ဘုရားသခင်သည် ကျွန်ုပ်၏ခွန်အားဗလဖြစ်တော်မူ၏။ ကျွန်ုပ်၏ခိုလှုံရာသည်ဘုရားသခင်၌သာလျှင်တည်၏။ အိုပရိသတ် အပေါင်းတို့ ကျွန်ုပ်တို့အဖို့ခိုကိုးရာဖြစ်တော်မူသောဘုရားသခင်အားမျှော်လင့်ကိုးစားကြလော့။ ကိုယ်တော်၏ မျက်မှောက်တော်၌ သင်တို့၏နှလုံးသားများကို ဖွင့်ဟပြကြလော့။ (သံပြိုင်)

ခုထိယကျမ်း။

**"သခင်ဘုရားသည်လူတို့စိတ်နှလုံးအတွင်းရှိအကြံအစည်များကို ထင်ရှားစေတော်မူလိမ့်မည်။"**

*မှန်မြတ်သောတပည့်တော်ကြီးသံပေါလူး ကော်ရင်းသီမြို့သားတို့ထံရေးသောစာ၊ ပထမစောင်။ (၄၊၁မှ၅ အထိ)*

ညီအစ်ကိုတို့၊

လူများတို့သည် ကျွန်ုပ်တို့ကိုခရစ်တူးသခင်၏အမှုထမ်းများကဲ့သို့လည်းကောင်း၊ ဘုရားသခင်၏နက်နဲလှသောလျှို့ဝှက်ဘဏ္ဍာများကိုဝေငှပေးသောသူတို့ကဲ့သို့လည်းကောင်းသိမှတ်ကြပါစေ။ ဘဏ္ဍာစိုးတာဝန်ကိုထမ်းဆောင်သူသည် သစ္စာရှိရမည်။ သင်တို့ဖြစ်စေ၊ အခြားသူတို့ဖြစ်စေ၊ ကျွန်ုပ်ကိုစွပ်စွဲပြောဆိုစေကာမူ ကျွန်ုပ်လုံးဝအမှုမထားပါ။ ကျွန်ုပ်ကိုယ်ကိုလည်း ကျွန်ုပ်မစီရင်ပါ။ ကျွန်ုပ်၌အပြစ်တစ်စုံတစ်ခုရှိသည်ဟု ကျွန်ုပ်မသိရပါ။ သို့သော် ဤအတွက်ကြောင့် ကျွန်ုပ်သည်ဖြောင့်မတ်သန့်ရှင်းသည်ဟုမဆိုလို။ အကြောင်းမူကား ဘုရားသခင်သာလျှင်ကျွန်ုပ်ကို စီရင်ပိုင်သောသူဖြစ်သည်။ သို့ဖြစ်၍ကိုယ်တော်ကြွလာတော်မူသည်တိုင်အောင် ကြိုတင်စီရင်ခြင်းကိုမပြုကြလေနှင့်။ ကိုယ်တော်ကြွလာတော်မူသော အခါအမှောင်၌ဝှက်ထားသောအရာတို့ကိုထင်လင်းစေတော်မူ၍ လူတို့စိတ်နှလုံးအတွင်းရှိအကြံအစည်တို့ကိုထင်ရှားစေတော်မူလိမ့်မည်။ ထိုအခါတစ်ဦးစီထိုက်တန်သည့်အလျောက်ဘုရားသခင်၏ ချီးမြင့်ဂုဏ်ပြုခြင်းကိုခံကြရလိမ့်မည်။

***ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။***

အာလေလူယား။ (သံမာတေဦး ၁၁၊ ၂၅)

အာလေလူယား၊ မိုးနှင့်မြေကိုအစိုးရတော်မူသောအဖ၊ ကိုယ်တော်သည်ပညာအလိမ္မာနှင့်ပြည့်စုံသောသူတို့အား ဤအရာများကို ထိမ်ဝှက်ဖုံးထားတော်မူလျက် သူငယ်တို့အားဖော်ပြတော်မူသည်ဖြစ်၍ ကျေးဇူးတော်ကိုချီးမွမ်းပါ၏။ အာလေလူယား။

ဧဝံဂေလိ ချမ်း။

## "နက်ဖြန်နေ့အဖို့မစိုးရိမ်ကြနှင့်။"

*သံမာတေဦးရေးထားသောသန့်ရှင်းသောဧဝံဂေလိကျမ်း။ (၆၊ ၂၄မှ၃၄)။*

ထိုကာလ၌သခင်ယေရှုသည်မိမိတပည့်ကြီးတို့အား ဤသို့အမိန့်တော်ရှိသည်။

မည်သူမျှအရှင်နှစ်ပါး၏အစေကိုမခံနိုင်။ အကြောင်းမူကားတစ်ပါးကိုမုန်း၍တစ်ပါးကိုချစ်လိမ့်မည်။ တစ်ပါးကိုဆည်းကပ်မှီခို၍တစ်ပါးကိုမခန့်မညားပြုလိမ့်မည်။ သင်တို့သည်ဘုရားသခင်နှင့်မာမုန်၏အစေကိုမခံနိုင်။ ထို့ကြောင့်သင်တို့အားငါဆိုသည်ကားသင်တို့အသက်၏အဖို့အဘယ်သို့စားရမည်။ သင်တို့ကိုယ်၏အဖို့ အဘယ်သို့ ဝတ်ရမည်ကိုစိုးရိမ်ခြင်းမရှိကြလေနှင့်။ အစားထက်အသက်မမြတ်သလော။ မိုးကောင်းကင်ငှက်တို့ကိုကြည့်ရှုကြလော့။ မကြဲမရိတ်၊ ကျီထဲ၌လည်း မစုမသွင်း။ သို့ပင်သော်လည်းကောင်းကင်ဘုံ၌ ရှိတော်မူသောသင်တို့၏အဖသည် သူတို့ကိုကျွေးမွေးတော်မူ၏။ ထိုငှက်များထက်သင်တို့သည်သာ၍မြတ်ကြသည်မဟုတ်လော။ သင်တို့တွင်အဘယ်သူသည် မိမိအရပ်ကိုတစ်တောင်မျှတိုးစေခြင်းငှါကြံစည်နိုင်သနည်း။ အဝတ်ဖို့လည်းအဘယ်ကြောင့်စိုးရိမ်ခြင်းရှိကြသနည်း။ လယ်ပြင်၌နှင်းပန်းတို့သည်အဘယ်သို့ ကြီးပွားသည်ကိုဆင်ခြင်ကြလော့။ အလုပ်လည်းမလုပ်။ ဝင့်လည်းမဝင့်ငင်ကြ။ သို့ပင်သော်လည်း သင်တို့အားငါဆိုသည်မှာ၊ ဘုန်းကြီးလှသောဇော်လမုန်မှုပင် ထိုအပွင့်တစ်ပွင့်မျှကဲ့သို့မဝတ်မဆင်ရ။ ယနေ့ရှင်လျက်၊ နက်ဖြန်မီးထဲသို့ချရသောလယ်ပြင်မြက်ကိုပင် ဘုရားသခင်ဤသို့ဝတ်ဆင်တော်မူလျှင် သင်တို့ကိုမူကား ထိုမျှမက မပြုဘဲနေတော်မူအံ့လော။ ယုံကြည်ခြင်းအားနည်းသောသူတို့၊ ထို့ကြောင့်အဘယ်သို့ စားရအံ့နည်း။ သောက်ရအံ့နည်း။ အဘယ်သို့ဝတ်ရအံ့နည်းဟုဆို၍ စိုးရိမ်ခြင်းမရှိကြနှင့်။ ထိုအရာခပ်သိမ်းတို့ကို သာသနာပလူတို့သည်ရှာဖွေတတ်ကြ၏။ အကြောင်းမူကား၊ ထိုအရာအားလုံးစုံကို သင်တို့သည် အသုံးလိုကြောင်း သင်တို့အဖသည်သိတော်မူ၏။ သို့ဖြစ်၍ ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကိုရှေးဦးစွာရှာကြသဖြင့်၊ သင်တို့အားထိုအရာအားလုံးစုံကိုလည်း ထပ်လောင်း၍ပေးတော်မူလိမ့်မည်။ ထို့ကြောင့်နက်ဖြန်နေ့အဖို့မစိုးရိမ်ကြနှင့်။ အကြောင်းမူကား နက်ဖြန်နေ့သည် မိမိအဖို့စိုးရိမ်လိမ့်မည်။ အကြင်နေ့၏ဆင်းရဲခြင်းသည်ထိုနေ့အဖို့လောက်ပေ၏။

***ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။***

**ဇေဝဇေလီ ချမ်း။**

## “နက်ဖြန်နေ့အဖို့မစိုးရိမ်ကြနှင့်။”

*သမ္မာတရားတော်ရေးထားသောသန့်ရှင်းသောဇေဝဇေလီကျမ်း။ (၆၊ ၂၄မှ၃၄)။*

ထိုကာလ၌သခင်ယေရှုသည်မိမိတပည့်ကြီးတို့အား ဤသို့အမိန့်တော်ရှိသည်။

မည်သူမျှအရှင်နှစ်ပါး၏အစေကိုမခံနိုင်။ အကြောင်းမူကား တစ်ပါးကိုမုန်း၍တစ်ပါးကိုချစ်လိမ့်မည်။ တစ်ပါးကိုဆည်းကပ်မှီခို၍တစ်ပါးကိုမခန့်မညားပြုလိမ့်မည်။ သင်တို့သည်ဘုရားသခင်နှင့်မာမုန်၏အစေကိုမခံနိုင်။ ထို့ကြောင့်သင်တို့အားငါဆိုသည်ကား သင်တို့အသက်၏အဖို့အဘယ်သို့စားရမည်။ သင်တို့ကိုယ်၏အဖို့ အဘယ်သို့ ဝတ်ရမည်ကိုစိုးရိမ်ခြင်းမရှိကြလေနှင့်။ အစားထက်အသက်မမြတ်သလော။ မိုးကောင်းကင်ငှက်တို့ကိုကြည့်ရှုကြလော့။ မကြဲမရိတ်၊ ကျီထဲ၌လည်း မစုမသွင်း။ သို့ပင်သော်လည်းကောင်းကင်ဘုံ၌ ရှိတော်မူသောသင်တို့၏အဖသည် သူတို့ကိုကျွေးမွေးတော်မူ၏။ ထိုငှက်များထက်သင်တို့သည်သာ၍မြတ်ကြသည်မဟုတ်လော။ သင်တို့တွင်အဘယ်သူသည် မိမိအရပ်ကိုတစ်တောင်မျှတိုးစေခြင်းငှါကြံစည်နိုင်သနည်း။ အဝတ်ဖို့လည်းအဘယ်ကြောင့်စိုးရိမ်ခြင်းရှိကြသနည်း။ လယ်ပြင်၌နှင်းပန်းတို့သည်အဘယ်သို့ ကြီးပွားသည်ကိုဆင်ခြင်ကြလော့။ အလုပ်လည်းမလုပ်။ ဝင့်လည်းမငင်ကြ။ သို့ပင်သော်လည်း သင်တို့အားငါဆိုသည်မှာ၊ ဘုန်းကြီးလှသောဇော်လမုန်မှပင် ထိုအပွင့်တစ်ပွင့်မျှကဲ့သို့မဝတ်မဆင်ရ။ ယနေ့ရှင်လျက်၊ နက်ဖြန်မီးထဲသို့ချရသောလယ်ပြင်မြက်ကိုပင် ဘုရားသခင်ဤသို့ဝတ်ဆင်တော်မူလျှင် သင်တို့ကိုမူကား ထိုမျှမက မပြုဘဲနေတော်မူအံ့လော့။ ယုံကြည်ခြင်းအားနည်းသောသူတို့၊ ထို့ကြောင့်အဘယ်သို့ စားရအံ့နည်း။ သောက်ရအံ့နည်း။ အဘယ်သို့ဝတ်ရအံ့နည်းဟုဆို၍ စိုးရိမ်ခြင်းမရှိကြနှင့်။ ထိုအရာခပ်သိမ်းတို့ကို သာသနာပလူတို့သည်ရှာဖွေတတ်ကြ၏။ အကြောင်းမူကား၊ ထိုအရာအားလုံးစုံကို သင်တို့သည် အသုံးလိုကြောင်း သင်တို့အဖသည်သိတော်မူ၏။ သို့ဖြစ်၍ ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကိုရှေးဦးစွာရှာကြသဖြင့်၊ သင်တို့အားထိုအရာအားလုံးစုံကိုလည်း ထပ်လောင်း၍ပေးတော်မူလိမ့်မည်။ ထို့ကြောင့်နက်ဖြန်နေ့အဖို့မစိုးရိမ်ကြနှင့်။ အကြောင်းမူကား နက်ဖြန်နေ့သည် မိမိအဖို့စိုးရိမ်လိမ့်မည်။ အကြင်နေ့၏ဆင်းရဲခြင်းသည်ထိုနေ့အဖို့လောက်ပေ၏။

***ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။***